# မြေကိုက်ကုထုံးနှင့် အဆိပ်ဖြေကုထုံးများ

ကျော်စိန်ဟန်၊ ဖြူဖြူသင်း
မကွေးမြို့

ပြည်သူလူထုအများစုမှာ ကျေးလက်နေပြည်သူများဖြစ်ပါသည်။ ကျေးလက်နေ ပြည်သူတို့မှာ အများအားဖြင့် တောင်သူလယ်သမားများ ဖြစ်ပါသည်။ တောင်သူလယ်သမားအများစုမှာ လုပ်ငန်းခွင်ဝင်ကြရာဝယ် မြွေအန္တရာယ်ကို အထူးသတိထားနေရပါသည်။ ကျေးလက်နေ ပြည်သူများသည် မြွေကိုက်သည်ဟုကြားလျှင် အမျိုးမတော် အသိ မဟုတ်စေကာမူ စိတ်လှုပ်ရှားရှားဖြင့် သောကပွားများရမြဲဖြစ်ပါသည်။ ပရိယေသန ဝမ်းစာအတွက် နေထွက်သည်မှ နေဝင်သည်အထိ လှုပ်ရှားရုန်းကန်နေကြရတော့သည်။ တောင်သူလယ်သမားများဘေးကင်း၍ စိတ်ချမ်းသာ ကြစေလိုပါသည်။ ထို့ကြောင့် ၁၉၉၀ ခုနှစ်သည် မြွေကိုက်အလွယ်ကုနည်း (၃) ခုကို တင်ပြပါသည်။ သမားတော်စာစောင်များတွင်လည်း မြွေကိုက်နည်းလက်တွေ့ကုထုံးများကို ဖော်ထုတ်ပြီး ခဲ့ပါသည်။

မြန်မာမင်းလက်ထပ်က လျှို့ဝှက်သုံးစွဲလာခဲ့သော နည်းသုံးတော်ဝင်ဆေးနည်းများ ဖြစ်ပါသည်။ မြွေကိုက်ခံရသူ သဘော်သီးဖြင့် ကုသခြင်း၊ ပြည်ပန်းညိုရွက်၊ မန်ကျည်းရွက်တို့ဖြင့် ကုသနည်းများ ဖော်ပြထားပါသည်။ အဓိကအားဖြင့် ရှားပါးသော မြွေကိုက်ကုထုံးများ၊ မြွေဆိုးရန်ကြိုတင်ကာကွယ်နည်းမားကို အစဉ်အတိုင်းဖော်ပြထားခြင်းဖြစ်ပါသည်။